

Swae Nyoe
စွဲညို
ဆုမြတ်လှိုင်
စာစဉ် - ၁၄
အဖိုးကံကောင်း ပြန်ရှင်လာပြီ

# အပိုင်း ၁၉၁

ရထားလုံးတန်းက ရပ်တန့်သွားသည်။ ချီရှောက်ရှန်က အပြင်ဘက် မြင်ကွင်းကို ကြည့်ကာပြောလိုက်၏။

"ကြည့်ရတာ ဒီနေ့တောထဲမှာပဲ အိပ်ရတော့မယ်ထင်တယ်"

ကျွင်းဟောင်က ခေါင်းညိတ်သည်။

"အင်း ငါ အမဲလိုက်ဖို့ သွားတော့မယ်"

ချီရှောက်ရှန်က ပြောသည်။

"ငါ မင်းနဲ့ လိုက်ခဲ့မယ်"

ကျွင်းဟောင် အံ့သြသွားသည်။

"ဘာဖြစ်လို့ ငါနဲ့ လိုက်မှာလဲ"

ကျွင်းဟောင်သိထားသည့်အတိုင်းဆိုလျှင် ချီရှောက်ရှန်က အလွန်ပျင်းသည်။ သူက တော်တန်ရုံအလုပ်မများချင်သူ ဖြစ်သည်။

ကျွင်းဟောင်က တစ်စုံတစ်ရာ ပြောလိုသော်လည်း ထိုအချိန်တွင်ပင် ပိုင်လျှိုယွန်က အနားရောက်လာသည်။

"သခင်လေး သခင်လေး ကျွန်တော် အသံလေ့ကျင့်တာ တိုးတက်လာပြီထင်တယ်။ သခင်လေး နားထောင်ချင်လား"

ချီရှောက်ရှန်က ချက်ချင်းလိုလို ကျွင်းဟောင်၏လက်မောင်းကို ဆွဲဖက်ကာ ပြော၏။

"လှိုင်းယွန်ရယ် တကယ်တော့လေ ငါကကျွင်းဟောင်နဲ့အတူ အမဲလိုက်သွားမယ်လို့ စဉ်းစားထားတာ"

ပိုင်လှိုင်းယွန် ကြောင်သွားသည်။

"သခင်လေးက ဘာလို့လိုက်သွားမှာလဲ သူ့ကိုပဲလွှတ်လိုက်လေ"

"တကယ်တော့ ငါ ဘာစားချင်သလဲဆိုတာ အခု မစဉ်းစားနိုင်ဘူးဖြစ်နေတော့ သူ အဆင်ပြေအောင်လို့ ငါပါ လိုက်သွားမလို့လေ"

ထို့နောက် သူတို့နှစ်ယောက် ထွက်သွားသည်။ ပိုင်လှိုင်းယွန်က စိတ်ပျက်စွာ ကြည့်နေ၏။ ထို့နောက် ချီဟန်၏အနားသို့ ကပ်သွားလိုက်သည်။ ချီဟန်က မီးမွေးရန် ပြင်ဆင်နေခြင်းဖြစ်သည်။

"ချီဟန် သခင်လေးနဲ့သခင်လေးကျွင်းတို့က ဘယ်တုန်းက ဒီလောက်အထိ ရင်းနှီးသွားတာလဲ။ အမဲတောင် အတူတူ လိုက်မယ်ဆိုပဲ"

ချီဟန်က သက်ပြင်းချသည်။

မင်းကြောင့်ပေါ့။

"ငါလည်း မသိပါဘူး။ သူတို့ဆက်ဆံရေး ကောင်းသွားတာဖြစ်မယ်။ ဟုတ်သားပဲ မင်း ပင်လယ်နယ်မြေကသူတွေရဲ့ နေထိုင်မှု ဘဝပုံစံကို သိလား"

ပိုင်လှိုင်းယွန်၏မျက်ဝန်းများက တောက်ပသွားသည်။

"သိတာပေါ့ ၊ သူတို့က အရမ်း အရမ်း အရမ်းပျင်းဖို့ကောင်းတာ၊ သူတို့ တစ်ချိန်လုံး ငါး ငါး ငါး ငါးတွေပဲ စားနေရတာလေ"

ချီဟန်က သံသယဝင်လာကာမေး၏။

"မင်း ပင်လယ်ထဲမှာ နေခဲ့ဖူးတာလား"

ပိုင်လျှိုယွန်က သက်ပြင်းချသည်။

"မနေဖူးပါဘူး။ ငါမှ ရေမကူးတတ်တာ"

ချီရှောက်ရှန်နှင့် သူ၏အဖွဲ့က လဂက်ခန့်နီးပါးထိုအတိုင်းသွားနေရသည်။ ထို့နောက် ပိုင်ဟိုင်ပြင်ကျယ်သို့ ရောက်သွား၏။ ချီရှောက်ရှန်နှင့်ကျွင်းဟောင်က သူတို့၏ဂတ်စုံများကို ပြောင်းလဲထားပြီး အောက်ခြေလူတန်းစားဘဂပုံစံဖြင့် ဂင်ရောက်ရန် ဆုံးဖြတ်ထားသည်။

ချီရှောက်ရှန်က ပိုင်လျှိုယွန်ကို သူ၏ဂတ်စုံကိုပြကာ ပြောသည်။

"ဘယ်လိုလဲ ငါ ဘယ်လိုနေလဲ"

"လုံလောက်ပြီ အရမ်း အရမ်း အရမ်း မိုက်တယ်"

ချီရှောက်ရှန် "..."

ချီရှောက်ရှန်နှင့် ကျွင်းဟောင်တို့က ပင်လယ်ပြာပြင်ကျယ်တွင် လမ်းလျှောက်နေကြသည်။ မူလက ထိုနေရာက ကန္တာရပြင်ကဲ့သို့ ဖြစ်မည်ဟု ထင်ထားခဲ့သော်လည်း သည်နေရာက အလွန်လူများကာ ရှုပ်ထွေးနေပြီး သက်ဂင်လွန်းပေ၏။

ပင်လယ်လူမျိုးများက လူသားများ၏ နေ့စဉ်ဒူဂလိုအပ်သည့် အသုံးအဆောင်ပစ္စည်းများကို လိုအပ်ကြသည်။ လူသားများကလည်း ပင်လယ်မျိုးနွယ်ဂင်လိုအပ်သည့်ပစ္စည်းများကို သိကာ ရောင်းချကြ၏။

ကမ်းခြေတွင် အမျိုးမျိုးသောပစ္စည်းများကို ရောင်းချနေကြသည်။ ပုစွန်ခရုခွံနှင့် အခြားသောပစ္စည်းများကိုလည်း မြင်ရ၏။ ထိုအရာများကို ဆိုင်ခန်းလေးများဖြင့် ရောင်းချကြသည်။ ပင်လယ်မျိုးနွယ်ဂင်များ ရောင်းချသည့်ဆိုင်များကိုလည်း မြင်ရကာ အဖွဲ့များခွဲထားကြ၏။ အများစုက ပုလဲ စသဖြင့် ဖြစ်ကြသည်။

အခြားအရာများအပြင် စားရန်အဆင်ပြေသည့် ပစ္စည်းများကိုလည်း မြင်ရသည်။ ပင်လယ်မျိုးနွယ်ဝင်သား အများစုက ဝယ်ယူသည်က များသည်။

ချီရောက်ရန်နှင့်ကျွင်းဟောင်တို့က ရုပ်ဖျက်ထားကာ ထိုလူအုပ်ထဲတွင်ရှိနေသည်။

***